# ထောင်နှင့်ချီသောပြည်တွင်းပြည်ပသတင်းထောက်များသည် တောင်အာရှကုန်စည်ပြပွဲကို အာရုံစိုက်

တောင်အာရှကုန်စည်ပြပွဲ၏ အရှိန်အဝါတိုးချဲ့လာသည်နှင့် အမျှ တောင်အာရှကုန်စည်ပြပွဲသည် ကမ္ဘာတစ်ဝန်းလုံးကို တစ်နေ့တစ်ခြားအာရုံဆွဲဆောင်လာနေသည်။ ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲကာလအတွင်း ပြည်တွင်းပြည်ပမှ ထောင်နှင့်ချီသော သတင်းထောက်များသည် ၎င်းတို့၏ လက်ထဲမှဖောင်တိန်၊ ကင်မရာ၊ ဗီဒီယိုစက်နှင့် လက်ကိုင်ဖုန်းများဖြင့် ယင်းကြီးကျယ်ခမ်းနားသော ပြပွဲကြီးကိုကမ္ဘာသို့ သတင်းပေးပို့ခဲ့ကြသည်။

ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲတွင်သတင်းထောက်ဦးရေ စုစုပေါင်း (၁၂၀၀)ကျော်ပါဝင်သတင်းယူခဲ့ကြောင်း၊ ၎င်းတို့အနက်တရုတ်ပြည်တွင်းရှိပြည်နယ်/မြို့အသီးသီး၊ ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်ဒေသတို့က မီဒီယာ(၁၁၀)ကျော်မှ ရောက်ရှိလာကြသည့် သတင်းထောက်များ၊ အိန္ဒိယ၊ နီပေါ၊ ကမ္ဘောဒီးယားစသည့်နိုင်ငံ (၁၅)နိုင်ငံရှိ မီဒီယာ(၅၀)ကျော်မှ ရောက်ရှိလာကြသည့် သတင်းထောက်(၆၃)ဦးတို့က သတင်းယူခဲ့ကြကြောင်းမိတ်ဆက်ခြင်းအရသိရှိရသည်။

တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံတို့မှမီဒီယာများသည် တောင်အာရှကုန်စည်ပြပွဲထဲပါဝင်သတင်းယူခြင်းမှာ အဆက်မပြတ်ကျယ်ပြန့်နက်ရှိုင်းလာနေသည်။ ယခုအကြိမ် တောင်အာရှကုန်စည်ပြပွဲ၏ ဖွင့်ပွဲအခမ်းအနားကျင်းပသည့်နေ့တွင်ပင် “တောင်အာရှ၊ အရှေ့တောင်အာရှ အဓိကမီဒီယာများ ယူနန်ခရီးစဉ်”ကိုလည်း ကူမင်းမြို့၌ တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့သည်။ ယင်းလှုပ်ရှားမှုကို ၂၀၁၁ ခုနှစ်မှစ၍ ယခုအထိနှစ်စဉ်ကျင်းပလေ့ရှိပြီး တောင်အာရှ၊ အရှေ့တောင် အာရှနိုင်ငံအသီးသီးရှိ သတင်းမီဒီယာလောက အနေနှင့်လည်း တက်ကြွစွာ ပြန်လည် တုံ့ပြန်နိုင်ခဲ့သည်။




ဇွန်လ ၁၁-၁၇ ရက်နေ့အတွင်း “တောင်အာရှ၊ အရှေ့တောင်အာရှအဓိကမီဒီယာယူနန်ခရီးစဉ်”သတင်းထောက်အဖွဲ့သည် တောင်အာရှ ကုန်စည်ပြပွဲ၊ ကူမင်းကုန်စည်ပြပွဲအပေါ် သတင်းယူခဲ့သည့်အပြင် ကူမင်းမြို့ရှိ စီးပွားရေးလုပ်ငန်းများ၊ တက္ကသိုလ်များ၊ ကုန်ထုတ်လုပ်ရေးစခန်းများကိုလည်းသွားရောက် လေ့လာခဲ့သည်။ ဆွေးနွေးဖလှယ်ပွဲများကျင်းပခြင်းဖြင့်ယူနန်ကို ဆတက်ထမ်းပိုးတိုးထိတွေ့ခံစားနိုင်ခဲ့သည်၊ သိရှိနားလည်နိုင်ခဲ့သည်။

ဤသတင်းစာတိုက်မှ သတင်းထောက်

## နယ်စပ်ဖြတ်ကျော် ခရီးသွားပူးပေါင်းဆောင်ရွက်ရေး အလားအလာကောင်းမွန်

“လန်ချန်း-မဲခေါင်ခရီးသွားမြို့များ ပူးပေါင်းဆောင်ရွက်ရေးမဟာမိတ်’ကို တွန်းအားပေးပြီးတည်ထောင်ခြင်းမှ တစ်ဆင့်မြို့ချင်းပူးပေါင်းဆောင်ရွက်ရေးဖြင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကိုရှေ့ဆောင်လမ်းပြကာ အဆင့်မျိုးစုံ၊ ပုံစံမျိုးစုံသော နိုင်ငံတကာခရီးသွားပူးပေါင်းဆောင်ရွက်ရေးပုံစံကို စူးစမ်းလေ့လာသွားပါမယ်”။ ယမန်နေ့ကဖွင့်လှစ်ခဲ့သော(၄)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၏နယ်စပ်ဖြတ်ကျော်ခရီးသွားပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင်ယူနန်ပြည်နယ်အစိုးရမှ အတိုင်ပင်ခံပုဂ္ဂိုလ်လျူဖင်က အဆိုပါထိုက်တွန်းချက်တင်ပြခဲ့ပြီးအဖက်ဖက်က တက်ကြွစွာ ပြန်လည်တုံ့ပြန်၍ သဘောတူချက်များစွာကိုလည်း ရရှိနိုင်ခဲ့သည်။

အဆိုပါဖိုရမ်ကို ယူနန်ပြည်နယ်အစိုးရမှကြီးမှူး၍ ယူနန်ပြည်နယ်ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လက်ခံကျင်းပခြင်းဖြစ်သည်။ တောင်အာရှကုန်စည်ပြပွဲတွင်ပထမဆုံးအကြိမ် “show” ပြလိုက်သည်နှင့် နိုင်ငံတကာမှ ချက်ချင်းဂရုစိုက်လာခဲ့သည်။ လာအိုနိုင်ငံသတင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီးဌာနဝန်ကြီးပေါရှမ်ခန် • ဖုန်တာလာ၊ ဗီယက်နမ်ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားဝန်ကြီးဌာန ခရီးသွားဦးစီးဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ်ယွန်ကော်ရှုံ၊ တရုတ်-အာဆီယံစင်တာမှ အတွင်းရေးမှူးချုပ်ရန်ရှောဖင်၊ ကူမင်းမြို့ အခြေစိုက်မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်၊ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းများအသင်းမှအတွင်းရေးမှူးချုပ် စသည့်နိုင်ငံခြားဧည့်သည်များက ဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။ အပြန်အလှန် ဖလှယ်ခြင်းအားဖြင့်အဖက်ဖက်နှင့် သဘောတူညီချက်များ ရရှိနိုင်ခဲ့သည်။ အထူးသဖြင့် “နယ်စပ်ဖြတ်ကျော် ခရီးသွားပူးပေါင်းဆောင်ရွက်ရေး”ဟူသော အတွေးအမြင်သစ်အပေါ် များစွာဂရုပြုခဲ့ကြသည်။



လန်ချန်း-မဲခေါင်ခရီးသွားမြို့များ ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်တည်ထောင်လိုက်ခြင်းသည် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးစနစ် တည်ထောင်ရန် အရေးပါလှသော အကြောင်းအရာဖြစ်ရုံသာမကဒေသတွင်းရှိ နိုင်ငံအစိုးရများအကြား ဘက်ပေါင်းစုံမှနေ၍ ထိပ်တန်းစီမံခန့်ခွဲခြင်း၊ ထိပ်သီးဒီဇိုင်းရေးဆွဲခြင်းမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ခရီးသွားပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးကို တွန်းအားပေးသွားမည်ဖြစ်သည်။ အဆိုပါ မဟာမိတ်သည် ခရီးသွားမြို့များ၏ ရှေ့ဆောင်ရှေ့ရွက်ပြုလောက်သည့် အခန်းကဏ္ဍကို ပြည့်ဝစွာဖော်ထုတ်နိုင်သည်။ နယ်စပ်ဖြတ်ကျော်ခရီးသွားပူးပေါင်း ဆောင်ရွက်ရေးဇုန်အတွင်းရှိအရေးကြီးမြို့များကို အမှီပြု၍ ခရီးသွားမြို့များ မဟာမိတ်ကိုသော့ချက်အဖြစ်ထားသော မြို့ချင်းခရီးသွားပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်သည်။ တစ်စိတ်တစ်ဒေသ၏ပူးပေါင်းဆောင်ရွက်ရေးဖြင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးကို တွန်းအားပေးနိုင်သည်။

ခရီးသွားမြို့များအကြား တံခါးဖွင့်ပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်စပ်ဖြတ်ကျော် ခရီးသွားပူးပေါင်း ဆောင်ရွက်ရေးဇုန်၏အထွေထွေတိုးတက်မှုကို တွန်းအားပေးနိုင်သည်။

ယူနန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မိတ်ဆက်ခြင်းအရ နှစ်ပေါင်းများစွာ တည်ဆောက်ခြင်းအားဖြင့် ယူနန်၏ခရီးသွားစီးပွားရေးစုစုပေါင်းပမာဏနှင့် အချိုးအစားတို့သည်လျှင်မြန်စွာ တိုးတက်လာနေကြောင်း၊ ကုန်ထုတ်လုပ်ငန်းစနစ်သည် အခြေခံအားဖြင့်ဖြစ်တည်လာပြီးဖြစ်ကြောင်း၊ အထွေထွေဆွဲငင်မှုစွမ်းအားသည် တစ်နေ့တစ်ခြားတောင့်တင်းလာနေကြောင်း၊ ပြည်တွင်းပြည်ပတွင် အဆက်မပြတ်နာမည်ကျော်ကြားလာပြီး နယ်စပ်ဖြတ်ကျော်ခရီးသွား ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်ရေးအတွက် ခိုင်မာလှသော အခြေခံအုတ်မြစ် ချမှတ်နိုင်ခဲ့ကြောင်း၊ ယူနန်အနေဖြင့် ပတ်ဝန်းကျင်နိုင်ငံများနှင့်နယ်စပ်ဖြတ်ကျော် ခရီးသွားပူးပေါင်းဆောင်ရွက်ရေးဇုန်ကို အတူတကွတည်ဆောက်ရန် အလွန်မျှော်လင့်ထားပါကြောင်း၊ နှစ်ဦးနှစ်ဖက်၊ အဖက်ဖက်တို့၏ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်ရေးကိုအတူတကွ တွန်းအားပေးစေလိုကြောင်း သိရသည်။

အစည်းအဝေးသို့ပါဝင်တက်ရောက်သူများကနယ်စပ်ဖြတ်ကျော် ခရီးသွားပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးသည်ဒေသတွင်းခရီးသွားပူးပေါင်းဆောင်ရွက်မှုအတွက် ဆန်းသစ်တီထွင်သည့် လက်တွေ့ဆောင်ရွက်ချက် ဖြစ်ကြောင်း၊ ယူနန်တွင် ခရီးသွားအရင်းအမြစ်လည်း ပေါကြွယ်၊ ပထဝီတည်နေရာအားသာချက်လည်းသိသာထင်ရှားသောကြောင့် အရင်လုပ်ဆောင်ရန်၊ အရင်စမ်းသပ်ရန်အတွက် ပထမဦးစွာရွေးချယ်သင့်သော ဒေသဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ယူနန်ပြည်နယ်ရှိရွှေလီ၊ မော်ဟန်းနှင့် ကွမ်ရှီးဒေသရှိဖင်ရှန်၊ တုံးရှင်းစသည့် နယ်စပ်ဒေသများအားမြန်မာ၊ လာအို၊ ဗီယက်နမ်စသည့်နိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော်ခရီးသွားပူးပေါင်းဆောင်ရွက်ရေးကို တက်ကြွစွာတွန်းအားပေးစေခြင်းမှာ ဒေသတွင်းရှိခရီးသွားထုတ်ကုန်များကိုလည်း တစ်နေ့တစ်ခြားကြွယ်ဝ၊ ပူးပေါင်းဆောင်ရွက်ရန်နည်းလမ်းလည်း ပိုမိုများပြားစေနိုင်ကြောင်း တညီတညွတ်တည်း ယူဆထားသည်။ လွန်ခဲ့သည့်နှစ်များအတွင်း နယ်စပ်ဖြတ်ကျော်ခရီးသွား ပူးပေါင်းဆောင်ရွက်ရေးသည် တရုတ်-ဗီယက်နမ် နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံရှိ ခရီးသွားလုပ်ငန်းများက ဦးစားပေးပြီးစဉ်းစားသော ပြဿနာဖြစ်ကြောင်းယွန်ကော်ရှုံက ပြောသည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစနစ်၏ တွန်းပို့မှုအောက်တွင် နယ်စပ်ဖြတ်ကျော်ခရီးသွား ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းကိုအရှိန်အဟုန်ဖြင့်အကောင်အထည်ဖော်ဆောင်ရန် အလားအလာရှိကြောင်း၊ ယခုအကြိမ် ဖိုရမ်ကျင်းပနိုင်ခြင်းသည် တရုတ်နှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ခရီးသွားဖလှယ်မှုအရသမိုင်းတွင်လောက်သော ဆောင်ရွက်ချက်ဖြစ်ကြောင်း အစည်းအဝေးပါဝင်တက်ရောက် သူတို့က ယူဆထားသည်။

သတင်းထောက် -
ချူတုံးဟွာ၊ ကျူးဟိုင်

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn